# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 17 , 2023 Volume 66, Number 11

၁၇.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၃ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၂.၇ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၄.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## Artificial Intelligence Technology–Plus 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ၊ Gwangju မြို့၊ Kimdaejung Convention Center ၌ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Artificial Intelligence Technology–Plus 2023 (AI TECH$^{+}$ 2023) သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲသည် ကိုရီးယားသမ္မတနိုင်ငံတွင် AI ကဏ္ဍအတွက် တစ်ကမ္ဘာလုံးမှ ပညာရှင်များ စုဝေးဆွေးနွေးရာ နေရာတစ်ခုအဖြစ် ဖန်တီးသွားမည့် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ AI TECH$^{+}$ 2023 ကို လာရောက်မည့်သူများသည် စီးပွားရေးအချိတ်အဆက်များရရှိနိုင်ပြီး၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

ပြပွဲ၌ပြသမည့် လုပ်ငန်းရှင်များအား ဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် ခန်းမများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@ myantrade.gov.mm ၊ ဖုန်း ၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%80%BA%E1%

## ကချင်ပြည်နယ်၏ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်း များမှ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်မှ ၁၂ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ဆန်ကွဲနှင့်ကြိမ်များတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၄၁၈၀၉၉၆.၃၈ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက်နေ့ထိ တင်ပို့ကုန်၏

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ငွေပမာဏ ၃၁၇၃၂၇၆.၇၁ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၀၇၇၁၆.၆၇ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်မှ ၁၂ ရက်နေ့ အတွင်း သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလပ် စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ ဓါတ်မြေသြဇာများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် ဂေါ်ပြားများတင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၀၄၈၄၃၁.၀၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၉၄၂၇၇၃ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၀၅၆၅၈.၀၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၁၃၂၅၆၅.၃၈ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source:** မနောမြေကုန်သွယ်မှုဇုဟိုဌာန

## နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်ရေးတွင် ယွမ်-ကျပ် တိုက်ရိုက်သုံးစွဲမှု မြှင့်တင်ရေးကိစ္စရပ်များဆွေးနွေး

နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု မြှင့်တင်ရေးနှင့် ကုန်သွယ်ရေးတွင် ယွမ်-ကျပ် တိုက်ရိုက်သုံးစွဲမှု မြှင့်တင်ရေးကိစ္စရပ် များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မေ ၁၅ ရက်က ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ အထက်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု မြှင့်တင်ရေးနှင့် နယ်စပ် ဝင်/ထွက်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကိစ္စ၊ ကုန်သွယ်ရေးတွင် ယွမ်-ကျပ် တိုက်ရိုက်သုံးစွဲမှု မြှင့်တင်ရေးကိစ္စ၊ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**Source:** https://news-eleven.com/article/248323

## ဧပြီလအတွက် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများသည် မျှော်မှန်းချက်များနှင့် ပြည့်မီခြင်းမရှိခဲ့

ပြီးခဲ့သည့်ဧပြီလအတွက် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများသည် မျှော်မှန်းချက်များနှင့် ပြည့်မီခဲ့ခြင်းမရှိကြောင်း သိရသည်။

တင်းကျပ်သော COVID-19 ရောဂါထိန်းချုပ်ရေး စည်းမျဉ်းများကို ရုပ်သိမ်းခဲ့သော်လည်း ပြည်တွင်း၌ ဝယ်လိုအား ကျဆင်းခြင်းနှင့် လူငယ်များအလုပ်လက်မဲ့ဖြစ်ပွားမှု မြင့်တက်နေခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးနာလန်ထူမှုသည် တစ်သမတ်တည်းမဖြစ်ခဲ့ပေ။

ပြည်တွင်းစားသုံးမှု အခြေအနေကို ညွှန်ပြသော အဓိကအညွှန်းကိန်းဖြစ်သည့် လက်လီရောင်းအားသည် ယမန်နှစ်ထက် ၁၈ ဒသ မ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အမျိုးသားစာရင်းအင်းဌာန (NBS) က ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရ သည်။ Bloomberg သတင်းဌာနမှ စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းချက်တွင် တရုတ်၏ လက်လီရောင်းအား ၂၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ကွာရန်တင်းစည်းမျဉ်းများကို နှစ်နှင့်ချီကာ ချမှတ်မှုများ အဆုံးသတ်ခဲ့ပြီးနောက် မကြာသေးမီလများအတွင်း တရုတ်ပြည်သူများသည် စားသောက်ဆိုင်များတွင် ပြန်လည်စားသောက်မှုများ ပြုလုပ်လာကြပြီဖြစ်ကာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်ပြီဖြစ်သည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အားတက်စရာဖြစ်လာခဲ့သည်။

ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခြင်းမရှိသော်လည်း ပြည်တွင်းဝယ်လိုအား ကျဆင်းခြင်းသည် တရုတ်စီးပွားရေးပြန်လည်နာလန်ထူမှုကို အရှိန်နှေးကွေးစေခဲ့သည်။

တရုတ်အစိုးရသည် ယခုဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှု ငါးရာခိုင်နှုန်းရှိရန် လျာထားခဲ့ပြီး ယင်းသည် ဆယ်စုနှစ်များအတွင်း အနိမ့်ဆုံးတိုးတက်မှုလည်းဖြစ်သည်။ သို့ရာတွင် တရုတ်ဝန်ကြီးချုပ် လီချန်က အဆိုပါပမာဏကို ပြည့်မီရန် လွယ်ကူလိမ့်မည်မဟုတ်ဟု ပြောဆိုထားသည်။

Pinpoint Asset Management မှ ဦးဆောင်စီးပွားရေးပညာရှင်ဖြစ်သူ ကျန်းကျိဝေက ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု လျာထားချက်ကို လျှော့ချထားပြီး အစိုးရအနေဖြင့် အခြေအနေကို စောင့်ကြည့်အကဲခတ်ခွင့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်တွင် တင်းကျပ်သော ကိုဗစ်ထိန်းချုပ်ရေး စည်းမျဉ်းများကြောင့် ဗိုင်းရပ်စ်ကူးစက်မှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများနှင့် ကုန်စည်ထောက်ပံ့ဖြည့်တင်းမှု ကွင်းဆက်ကို ထိခိုက်စေခဲ့သည်။

တရုတ်နိုင်ငံ၏ မြို့ကြီးများတွင် အသက် ၁၆ နှစ်မှ ၂၄ နှစ်အရွယ် လူငယ်များအကြား အလုပ်လက်မဲ့ဖြစ်ပွားမှုသည် ပြီးခဲ့သည့်ဧပြီလတွင် စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းရှိနေသည်။ မြို့ပြတွင် စုစုပေါင်းအလုပ်လက်မဲ့ဖြစ်ပွားနှုန်းမှာမူ ဧပြီလတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။

ဧပြီလတွင် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုသည် ၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ဖြစ်ပေါ်စေခဲ့သည့် လော့ဒေါင်းစည်းမျဉ်းများကို ရုပ်သိမ်းခဲ့ပြီးနောက် တရုတ်နိုင်ငံရှိ စက်ရုံအလုပ်ရုံများသည် အင်ပြည့်အားပြည့် ပြန်လည်ပတ်နိုင်သည့် အခြေအနေဆီသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့သည်။

မရွှေ့မပြောင်းနိုင်သော အဖိုးတန် ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများသည် ဇန်နဝါရီလမှ ဧပြီလအတွင်း ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း မူလခန့်မှန်းထားသည့် ၅ ဒသမ ၇ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိနေသည်။ ကြွေးမြီတနင့်တပိုးဖြစ်နေသည့် ဒေသန္တရအစိုးရများသည် အကြီးစား အခြေခံအဆောက်အအုံစီမံကိန်းများအတွက် အသုံးစရိတ်များကို မဖြစ်မနေလျှော့ချခဲ့ရသည်။

**Ref: AFP**

**Source:** https://news-eleven.com/article/248315

## တရုတ်နိုင်ငံ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်း ရင်းနှီးမြှုပ်နှံမှု ပထမလေးလအတွင်း ၄.၇ ရာခိုင်နှုန်း မြင့်တက်လာ

တရုတ်နိုင်ငံ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်း ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၂၃ ခုနှစ် ပထမလေးလပတ်တွင် ယမန်နှစ်ကာလတူထက် ၄.၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ မေ ၁၆ ရက်ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီလမှ ဧပြီလအထိ မရွှေ့မပြောင်းနိုင်သောပစ္စည်းရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ယွမ် ၁၄.၇၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂.၁၂ ထရီလီယံ) ရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ သိရသည်။ ပုဂ္ဂလိကကဏ္ဍ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းရင်းနှီးမြှုပ်နှံမှု ပထမလေးလအတွင်း ယမန်နှစ်ကာလတူထက် ၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုအနေဖြင့်လည်း ယမန်နှစ်ကာလတူထက် ၈.၃ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ယင်းအနက် သတ္တုတွင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ၂.၂ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ထုတ်လုပ်မှုကဏ္ဍတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်းသိရသည်။ လျှပ်စစ်ကဏ္ဍ၊ အပူပေးစနစ်ကဏ္ဍ၊ သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ရေရရှိရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှု ၂၄.၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

အခြေခံအဆောက်အအုံတည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမှာ ယမန်နှစ်ကာလတူထက် ၈.၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယင်းအနက် ရထားပို့ဆောင်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၁၄ ရာခိုင်နှုန်း၊ ရေအရင်းအမြစ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုတွင် ၁၀.၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဒေသများအလိုက်ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ၉.၈ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံအနောက်ပိုင်းတွင် ၃.၂ ရာခိုင်နှုန်းရှိခဲ့သော်လည်း တရုတ်နိုင်ငံအလယ်ပိုင်းတွင် ၁.၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**Source:** https://xinhuamyanmar.com/mm-en/ne-23050160017/

## တရုတ်နှင့်ဖိလစ်ပိုင်က RCEP စည်းကြပ်ခွန်များ အကောင်အထည်ဖော်မည်

တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံမှ သွင်းကုန်များဆိုင်ရာ ဒေသတွင်းဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံမှု (RCEP) သဘောတူညီချက်အရ ၎င်းတို့ကတိပြုထားသော စည်းကြပ်ခွန်နှုန်းထားများကို ယခုနှစ် ဇွန် ၂ ရက်၌ စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ အကောက်ခွန်စည်းကြပ်ရေးကော်မရှင်က ပြောကြားခဲ့သည်။

နောက်ဆက်တွဲနှစ်များအတွက် နှစ်ပတ်လည်နှုန်းထားများကို နှစ်စဉ် ဇန်နဝါရီလတိုင်း၌ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ယခုနှစ် ဇွန် ၂ ရက်၌ ဆောင်ရွက်မည့် အဆိုပါ အပြောင်းအလဲသည် RCEP သဘောတူညီချက်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံလုံးအတွက် အကျိုးသက်ရောက်မည်ဖြစ်သည်။

RCEP သဘောတူညီချက်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်၌ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံ ၁၅ နိုင်ငံဖြစ်သော အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ သြစတြေးလျနှင့် နယူးဇီလန်စသည့်နိုင်ငံများက ၂၀၁၂ ခုနှစ်မှစတင်၍ ၈ နှစ်ကြာ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

https://xinhuamyanmar.com/mm-en/ne-2305016004/

## ဖိလစ်ပိုင် သကြားတန်ချိန် တစ်သိန်းခွဲအထိ တင်သွင်းရန် သမ္မတအတည်ပြု

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန်နှင့် ပြတ်လပ်မှု မပေါ်ပေါက်စေရန်အတွက် သကြားတန်ချိန် ၁၅၀,၀၀၀ အထိ တင်သွင်းရန် တနင်္လာနေ့ (မေ ၁၅)တွင် အတည်ပြုပေးခဲ့သည်။ "ဈေးနှုန်းတည်ငြိမ်ဖို့အတွက် သကြားထပ်တိုးတင်သွင်းဖို့ သဘောတူညီခဲ့ပါတယ်။ အများဆုံးပမာဏကတော့ မက်ထရစ်တန်ချိန်တစ်သိန်းခွဲဖြစ်ပေမယ့် အဲဒီထက်နည်းပါလိမ့်မယ်" ဟု သမ္မတက ပြောကြားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သန့်စင်ပြီး သကြားတန်ချိန် ၄၄၀,၀၀၀ အထိ တင်သွင်းရန် အစိုးရက ကြိုးပမ်းနေသည်ဟု အစိုးရမှ ပြောကြားပြီး သုံးလအကြာတွင် ယခု အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖိလစ်ပိုင်သည် ထိုင်းသကြားကို များသောအားဖြင့် တင်သွင်းလေ့ရှိသည်။

Sugar Regulatory Administration (SRA) က ပြည်တွင်းသကြားဖူလုံရန် တန်ချိန် တစ်သိန်းမှတစ်သိန်းခွဲအထိ တင်သွင်းရန် လိုအပ်မည်ဟု ခန့်မှန်းထားသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6187-philippine-sugar-import.html

## အယ်နီညိုရာသီဥတုကြောင့် အာရှနိုင်ငံများမှ ဆန်ဝယ်ယူမှုများပြားလာသည့်အတွက် အိန္ဒိယဆန်ဝယ်လိုအားမြင့်တက်လျက်ရှိ

နံစားသီးနှံများအပေါ် အမှီသဟဲပြုနေရသည့် အာရှနိုင်ငံတစ်ချို့သည် ၂၀၂၃ ခုနှစ် ဒုတိယ ၆ လပတ်အတွင်း ပိုမိုပြင်းထန်လာဖွယ်ရှိသည့် အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကြပ်အတည်းများအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာ ဆန်များပိုမိုဝယ်ယူလျက်ရှိသည့်အတွက် ဆန်ဈေးနှုန်းမြင့်တက်လျက်ရှိသည်ဟု The Hindu Businessline သတင်း

ဌာနက ဖော်ပြသည်။ ဆန်ဝယ်လိုအားမြင့်တက်လျက်ရှိသော အရှေ့တောင်အာရှနိုင်ငံအချို့မှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း (TREA) က ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ တစ်ဝှမ်းရှိ ကျွန်းများက ဆန်ကိုပိုမိုဝယ်ယူကြပြီး မလေးရှားနိုင်ငံဆန်ဈေးကွက်မှာလည်း ပွင့်လင်းလာလျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံကလည်း ဆန်ဝယ်ယူရန် စုံစမ်းမေးမြန်းမှုများရှိနေသည်ဟု အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန် တင်ပို့ရောင်းချသော Bulk Logix ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နှင့်မလေးရှားနိုင်ငံတို့အနေဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ်က တွေ့ကြုံခဲ့ရသော ဆန်ဈေးနှုန်း အဆမတန်မြင့်တက်မှုအခြေအနေမျိုးနှင့် ထပ်မံရင်ဆိုင်ရခြင်းမရှိစေရန် အရန်ဆန်များကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်ဟု ဆန်ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ ၂၅ % ဆန်ဖြူဈေးနှုန်းမှာ ၁ တန်လျှင် ၄၄၂ ဒေါ်လာခန့် ရှိပြီး ထိုင်းနှင့်ဗီယက်နမ်တို့တွင် အဆိုပါဆန်၏ ဈေးနှုန်းမှာ ၁ တန်လျှင် ၄၉၀ ဒေါ်လာနှင့် ၄၈၀ ဒေါ်လာအသီးသီးရှိကြောင်း အပြည်ပြည်ဆိုင်ရာ သီးနှံကောင်စီ၏ အချက်အလက်များအရသိရသည်။ အိန္ဒိယနိုင်ငံ၏ဆန်ဈေးနှုန်းမှာ ယခင်နှစ်ကထက် ၂၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အဆိုပါဈေးနှုန်းမှာ ထိုင်းနိုင်ငံဆန်ဈေးနှုန်း(ယခင်နှစ်ကထက် ၁၁ ရာခိုင်နှုန်းမြင့်တက်)နှင့် ဗီယက်နမ်နိုင်ငံ ဆန်ဈေးနှုန်း (ယခင်နှစ်ကထက် ၁၆ ရာခိုင်နှုန်းမြင့်တက်)တို့ထက် များစွာသာလွန်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်၌ အိန္ဒိယနိုင်ငံ၏ ပေါင်းဆန်ဈေးနှုန်းမှာ ၁ တန်လျှင် ၃၈၀ ဒေါ်လာအောက်ရှိပြီး၊ ဝယ်လိုအား အနည်းငယ် မြင့်တက်လျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ပေါင်းဆန်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ၁ တန်လျှင် ဒေါ်လာ ၁၀၀ ခန့်ကြီးမြင့်လျက်ရှိသည်။ ဇူလိုင်လ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ သတ်မှတ်ထားသော အိန္ဒိယ သီးနှံပြက္ခဒိန်အရ ၂၀၂၃ ခုနှစ်အတွက် အိန္ဒိယနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၁၃၀ ဒသမ ၈၃ သန်းရှိပြီး၊ ယခင်နှစ်က တန်ချိန် ၁၂၈ ဒသမ ၄၇ သန်းထုတ်လုပ်ခဲ့ရာ ဆန်တန်ချိန် ၁ သန်းကျော်တိုးတက်ခဲ့သည့်အတွက် ပြည်ပသို့ ဆန်တင်ပို့ ရောင်းချမှုလည်း တိုးတက်ခဲ့လာကြောင်း သိရသည်။

**ဇစ်မြစ်။ The Hindu Businessline**

**(စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**Source:** https://myantrade.gov.mm/article/STP(Yangon)%2016052023%2015:48

## STOCK EXCHANGE (17.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 510 | 4,110,400 | 33,109,694 | 264,878 |
| MTSH | 00002 | 2,750 | -50 | -1.79% | 2,800 | 2,850 | 2,750 | 3,339 | 9,344,200 | 38,929,150 | 107,055 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 390 | 2,730,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 16,720 | 24,244,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 249 | 1,170,300 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th May, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 351.91 | -3.58 | -1.01% | 354.89 | 356.00 | 351.91 | 21,208 | 41,598,900 | 7 | 620,093 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th May, 2023

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

## Main Board

As of 1:00 pm, 16th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,208 (Shares) | 41,598,900 (MMK) |

| MYANPIX | 351.91 ▼ 3.58 |
|---|---|
| Total Volume (shares) | 21,208 |
| Total Value (MMK) | 42 mil |
| Listed Company | 7 |
| Market Cap. (MMK) | 620,093 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,750 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |